**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

www.nugmyanmar.org

# အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအထူးကိုယ်စားလှယ်တို့ Video Conference ဖြင့် တွေ့ဆုံခြင်း သတင်းထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအထူးကိုယ်စားလှယ်ဖြစ်သူ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးတို့သည် Video Conference ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ရပ် အကောင်အထည်ဖော်ရေး ကြိုးပမ်းမှုများသည် ယခင်က မြန်မာ့အရေးနှင့် သက်ဆိုင်သူများအား ကျယ်ကျယ်ပြန့်ပြန့် ပါဝင်စေခဲ့သည့် တွေ့ဆုံဆွေးနွေးမှုများ၏ အဆက်အစပ်နှင့် ရရှိပြီးဖြစ်သော တိုးတက်မှုများအပေါ် အခြေခံ၍ ဆက်လက်တည်ဆောက်သွားရန် အရေးကြီးကြောင်း၊ ဆက်လက်၍ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေး ဦးဆောင်ကောင်စီ (SCEF) အဖွဲ့ဝင်များနှင့်လည်း သီးခြားတွေ့ဆုံပြီး ဖြစ်သည့်အတွက် မိမိတို့၏ တူညီသည့် သဘောထားကို သိရှိပြီးဖြစ်မည်ဟု ယူဆကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ စုပေါင်းခေါင်းဆောင်မှု ယန္တရားဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးဦးဆောင်ကောင်စီ (SCEF) နှင့် အမျိုးသား ညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် မဟာမိတ်အင်အားစုများအား စုပေါင်း၍ တစ်စုတစ်စည်းတည်း တွေ့ဆုံဆွေးနွေးနိုင်ခြင်းသည် မြန်မာ့နိုင်ငံရေးအခြေအနေကို ပိုမိုတိကျစွာ နားလည်သဘောပေါက်နိုင်စေရန်နှင့် အားလုံးပါဝင်သော နိုင်ငံရေးဖြေရှင်းမှုကို အထောက်အကူ ပြုမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာစိုင်းခိုင်မျိုးထွန်းလည်း တက်ရောက်ခဲ့ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ